## SKD စနစ်နှင့် DKD စနစ် ခွဲခြားစိစစ်မှုဆိုင်ရာ အချက်အလက်များအား အသိပေးကြေညာခြင်း

မော်တော်ယာဉ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းအား SKD သတ်မှတ်ချက်ပါ အစိတ်အပိုင်း (၁၀) မျိုးဖြင့်သာ တင်သွင်းထုတ်လုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၈၅/ ၂၀၁၇ ဖြင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမိန့်ကြော်ငြာစာအတိုင်း လိုက်နာကျင့်သုံးရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုထားခြင်းမရှိသော Dismantled Knocked Down (DKD) စနစ်ဖြင့် တင်သွင်းလာသည့် မော်တော်ယာဉ်အစိတ်အပိုင်း အုပ်စုများကို မျက်မြင်ခွဲခြားစိစစ်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာနမှ ပြုစုထားသော အောက်ဖော်ပြပါ Standard Operation Procedure to Distinguish SKD and DKD အား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ကိုးကားအသုံးပြုနိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် သိရှိလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးကြေညာအပ်ပါသည်-

# SKD စနစ် နှင့် DKD စနစ်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ် အစိတ်အပိုင်းများအား မျက်မြင် ခွဲခြား စိစစ်မှု အချက်များ

## ( SOP - Standard Operating Procedure to distinguish SKD and DKD )

| စဉ် | အုပ်စုများအလိုက် ခွဲခြား စစ်ဆေးခြင်း | DKD | SKD-1 | SKD-2 | Remark |
|---|---|---|---|---|---|
| ၁။ | Engine Assembly, Transmission & Clutch System Group | | | | |
| | (က) Engine & Transmission အတွင်း Engine Oil, Transmission Oil များ ဖြည့်တင်းထားသည်ကို တွေ့ရှိရခြင်း | √ | √ | √ | Engine အသစ်များ Testing ပြုလုပ်ရာတွင် ထည့်သွင်းထားခြင်း ဖြစ်နိုင်ပါသည်။ |
| | (ခ) Exhaust Manifold အတွင်း Carbon ဂျိုးများ ကပ်ငြိများပြားနေခြင်း | √ | | | |
| | (ဂ) Engine နှင့် တွဲဆက်အသုံးပြုသော Radiator နှင့် Coolant Water သိုလှောင်ဘူးများ အတွင်း၌ Coolant Water လက်ကျန်များ တွေ့ရှိရခြင်း | √ | | | |
| ၂။ | Welded / Painted Body Group | | | | |
| | (က) Body တွင် တွဲဆက်မည့် Parts များ တပ်ဆင်မည့် အထိုင်နေရာများ၊ Bolt & Nut အထိုင်များတွင် ပွန်းစားရာများ ဖြစ်ပေါ်တွေ့ရှိရခြင်း | √ | | | |
| | (ခ) Body တွင် တွဲဆက်မည့် Parts များအတွက် Sealing အရာများ၊ ကော်ကပ်ထားသည့် အရာများ တွေ့ရှိရခြင်း | √ | | | |
| | (ဂ) Body အတွင်း၌ Combination Meters, Interior Trimming Parts, Lamps, Wind Shield and Wire harness စသော အစိတ်အပိုင်းများ တပ်ဆင်လာသည်ကို တွေ့ရှိရခြင်း | √ | √ | | |
| | (ဃ) အုပ်စုကြီးများ တပ်ဆင်မည့် နေရာ Bore Holes များတွင် ပြန်လည်ဖြုတ် ထားသည်ဟု ယူဆရသည့် ပွန်းစားရာများ တွေ့ရှိ ရခြင်း | √ | | | |

| စဉ် | အုပ်စုများအလိုက် ခွဲခြား စစ်ဆေးခြင်း | DKD | SKD-1 | SKD-2 | Remark |
|---|---|---|---|---|---|
| ၃။ | **Axles Group** | | | | |
| | (က) Axles နှင့်သက်ဆိုင်သည့် ပစ္စည်းများသည် Body တွင် တွဲဆက် လာသည်ကို တွေ့ရှိရခြင်း | √ | | | |
| | (ခ) Frame (သို့) Body ရှိ Axles တွဲဆက်မည့် အမာခံ အထိုင် Bore Holes နေရာများတွင် သံသယရှိဖွယ် ပွန်းစားရာများ တွေ့ရှိရခြင်း | √ | | | |
| | (ဂ) အုပ်စုအလိုက် Frame (သို့) Body တွင် တပ်ဆင်ပြီး ပြန်လည် ဖြုတ်ထားသည်ဟု ယူဆရသည့် ပွန်းစားရာများ တွေ့ရှိရခြင်း | √ | | | |
| ၄။ | **Suspension Group** | | | | |
| | (က) Suspension နှင့် သက်ဆိုင်သည့် အစိတ်အပိုင်းများ သည် Body တွင် တွဲဆက် လာခြင်း | √ | | | |
| | (ခ) Suspension ၏ အစိတ်အပိုင်းများ ဖြစ်သော Shock absorber, Spring, Strut စသော အစိတ်အပိုင်း များကို သီးခြားစီ ထုပ်ပိုး၍ တင်သွင်း လာခြင်း | | | √ | |
| ၅။ | **Steering Wheel and Related Parts** | | | | |
| | (က) Steering System နှင့်သက်ဆိုင်သည့် ဆက်စပ် ပစ္စည်းများကို သီးခြား တင်သွင်းလာခြင်း | | √ | √ | |
| | (ခ) Body တွင် တပ်ဆင်ပြီး ပြန်လည် ဖြုတ်ယူလာသည် ဟု ယူဆရသည့် ပွန်းစားရာများ တွေ့ရှိခြင်း | √ | | | |


| စဉ် | အုပ်စုများအလိုက် ခွဲခြား စစ်ဆေးခြင်း | DKD | SKD-1 | SKD-2 | Remark |
|---|---|---|---|---|---|
| ၆။ | Exhaust System | | | | |
| | (က) Exhaust ပိုက်များ၊ Silencer များအတွင်း၌ Engine မှ ထုတ်လွှတ်သည့် အငွေ့ကြောင့် ဖြစ်ပေါ်စေသည့် Carbon ဂျိုးများ တွေ့ရှိရခြင်း | √ | | | |
| ၇။ | Wheels & Tyres Group | | | | |
| | (က) တာယာနှင့် Diswheel များကို သီးခြားစီ ထုပ်ပိုး၍ တင်သွင်းလာခြင်း | | √ | √ | |
| | (ခ) တာယာနှင့် Diswheel ကို တွဲဆက် တပ်ဆင်၍ တင်သွင်းလာခြင်း | √ | | | |
| ၈။ | Seats Group | | | | |
| | (က) ယာဉ်နှင့်သက်ဆိုင်သည့် ထိုင်ခုံများကို သီးသန့် ထုပ်ပိုး၍ တင်သွင်းလာခြင်း | √ | √ | √ | |
| ၉။ | Doors Group | | | | |
| | (က) တံခါးချပ်များတွင် Body နှင့် တွဲဆက် တပ်ဆင်မည့် ပတ္တာမှလွဲ၍ ကျန်ပစ္စည်းများ တပ်ဆင်ထားခြင်း မရှိရပါ။ | | | √ | |
| | (ခ) တံခါးချပ်များတွင် Body နှင့် တွဲဆက် တပ်ဆင်မည့် ပတ္တာနေရာမှလွဲ၍ ကျန်ပစ္စည်းများ တွဲဆက်မည့် နေရာများတွင် ပွန်းစားမှုများနှင့် Sealing များ၊ ကော်ရာများ တွေ့ရှိရခြင်း | √ | | | |
| | (ဂ) တံခါးချပ်များတွင် Trimming Parts, Wire harness နှင့် Windshield စသော အစိတ်အပိုင်းများ တပ်ဆင်လာခြင်း | √ | √ | | |

| စဉ် | အုပ်စုများအလိုက် ခွဲခြား စစ်ဆေးခြင်း | DKD | SKD-1 | SKD-2 | Remark |
|---|---|---|---|---|---|
| ၁၀။ | Trimming Parts, Dashboard, Instrument Panel, Windshields, Wire harness and other Accessories, etc.. | | | | |
| | (က) Body တွင် တပ်ဆင်မည့် Trimming Parts, Dashboard, Instrument Panel, Windshields, Wire harness ၊ လျှပ်စစ်အစိတ်အပိုင်းများ စသော အစိတ်အပိုင်းများသည် အုပ်စုငယ်အလိုက် သီးသန့် ထုပ်ပိုး၍ လာရမည်။ | | | √ | |
| | (ခ) Trimming Parts, Dashboard, Instrument Panel, Windshields, Wire harness နှင့် လျှပ်စစ် အစိတ်အပိုင်းများ စသည့် အစိတ်အပိုင်း အချို့အား Body တွင် တပ်ဆင်လာသည်ကို တွေ့ရှိရခြင်း | √ | √ | | |
| | (ဂ) Brake Master Pump ၏ Tank အတွင်း၌ Brake Oil လက်ကျန်များ၊ Fuel Tank အတွင်း၌ Fuel လက်ကျန်များ တွေ့ရှိရခြင်း | √ | | | |
| | (ဃ) Dashboard တွင် တပ်ဆင်ထားသည့် Odometer ကို စစ်ဆေးခြင်း | | | | |
| | - ၃၀ ကီလိုမီတာအောက် ( < 30 km ) တွေ့ရှိရခြင်း | | √ | √ | |
| | - ၃၀ ကီလိုမီတာအထက် ( > 30 km ) တွေ့ရှိရခြင်း | √ | | | |


မှတ်ချက်။ [ ] [ ] [ ] အကွက် (၃)ကွက်တွင် စစ်ဆေးတွေ့ရှိချက်များအတွက် သက်ဆိုင်ရာ *အကွက်(၁)ကွက် တွင်သာ* အမှတ်အသား [ √ ] ပြုလုပ်ရန်။

အထက်ပါအချက်များကိုတစ်ချက်ခြင်းစစ်ဆေး၍ တွေ့ရှိချက်များကိုအမှတ်အသားပြုဖြည့်သွင်းအတည်ပြုပါသည်။


| Inspection | နေ့စွဲ | အမည် | ရာထူး | လက်မှတ် |
|---|---|---|---|---|
| Inspected by | | | | |
| Checked by | | | | |
| Approved by | | | | |



ထိုင်ခုံ Nut အထိုင်များ၌ ပွန်းရာပဲ့ရာ မရှိရ



Brake ဆီဗူး၌ ဘရိတ်ဆီ မရှိရ



Brake ဆီဗူး၌ ဆီမရှိရ


ရေပြန်ဗူး၌ Coolant မရှိရ



မှန်ဆေးရန် ဗူးထဲ၌ ရေမရှိရ



ထိုင်ခုံ Nut အထိုင်များ၌ ပွန်းရာပဲ့ရာ မရှိရ



Engine ခန်းအတွင်း သန့်ရှင်းနေရမည်




Exhaust Pipe အတွင်း၌ ကာဗွန်ဂျိုးများ မရှိရ




မှန်ပြန်ဖြုတ်ထားသဖြင့် Glue/Sealant အစအနများ

## Odometer ပြ ဒိုင်ခွက်တွင် မောင်းနှင်သုံးစွဲထားမှု စစ်ဆေးခြင်း




Odometer(SKD)
(SKD-ဖြစ်လျှင် အများဆုံး 30 km မကျော်ရ)




Odometer(DKD)
(မောင်းနှင်ပြီးကားဖြစ်လျှင် အနည်းဆုံး 30 km ထက် ကျော်ရမည်)

Car Photo